THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT Of THE UNION

**TOWARDS IMPROVING JUSTICE FOR ALL**



JUDICIAL STRATEGIC PLAN (2018-2022)

# YEAR 3 ACTION PLAN (2020)

အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း

(၂၀၁၈-၂၀၂၂)

တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်

(၂၀၂၀)

## ရည်မှန်းချက်

- ♦ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- ♦ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

* သာတူညီမျှမှုနှင့် တရားမျှတမှု
* တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
* လက်လှမ်းမီနိုင်မှု
* မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

# မာတိကာ


| | |
|---|---|
| တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း တတိယနှစ်အစီအစဉ် (၂၀၂၀-ခုနှစ်) | ၁ |
| အပိုင်း (၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန် | ၂ |
| အပိုင်း (၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် | ၅ |
| အပိုင်း (၃) တရားစီရင်ရေး၏လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန် | ၉ |
| အပိုင်း(၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန် | ၁၄ |
| အပိုင်း(၅) ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် | ၂၀ |
| အတိုကောက်အခေါ်အဝေါ်များ | ၂၄ |

## တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂)
## တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသော ရည်မှန်းချက်များဖြင့် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းအရ နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ (၃) နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ သို့ဖြစ်၍ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၀) ကို ရေးဆွဲထုတ်ပြန်လိုက်ပါသည်။

ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်
- အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်
- တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရန်
- တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်
- ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်အကောင်အထည်ဖော်ခဲ့ရာ ထိုက်သင့်သည့်အောင်မြင်မှုများလည်း ရရှိနေပြီဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဦးစားပေးအဆင့် (၁) အစီအစဉ်များကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များတွင် ဦးစားပေးအဆင့် (၂) အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်း၏ နောက်ပိုင်းကာလဖြစ်သော ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ဦးစားပေးအဆင့် (၃) အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်ရဦးမည်ဖြစ်၍ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားမှသာ ကျွန်ုပ်တို့ မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သာမက အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ အထောက်အပံ့ပေးမှုများကလည်း အရေးပါကြောင်း အသိအမှတ်ပြုဖော်ပြအပ်ပါသည်။

၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းအစီအစဉ်များအရ တစ်နိုင်ငံလုံးတွင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် ရုံးပေါင်း (၇၄) ရုံးအထိ ရှိခဲ့ပြီဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင်လည်း ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံးတို့ကို မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် တရားရုံးများအဖြစ် တိုးချဲ့ အကောင်အထည်ဖော်မည်ဖြစ်ရာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း (၂၀၈) ရုံးအထိ ရှိလာမည်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုစနစ်အပြင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြန်ဖြေရေး စနစ်ကိုလည်း ရှေ့ပြေးအစီအစဉ်အဖြစ် အကောင်အထည်ဖော်လျက်ရှိရာ အများပြည်သူအတွက် တရားမျှတမှုလက်လှမ်းမီရေးကို စနစ်တကျ ဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် ထိရောက်သော ဥပဒေအထောက်အကူပြုစနစ် ပေါ်ထွန်းရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းများပေးခြင်း၊ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ခြင်း၊ တရားသူကြီးများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရေးအတွက် သင်တန်းများပေးခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရေးအတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုထုတ်ဝေခြင်း စသည်တို့ကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါဆောင်ရွက်ချက်များမှာ အောင်မြင်မှုရရှိပြီးနောက် ရပ်တန့်သွားသည်မဟုတ်ပဲ အများပြည်သူသို့ အမြဲတစေဖြည့်ဆည်းပေးနေရမည့် အရာများဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စွဲမြဲစွာ ခံယူထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် စတင်ခဲ့ပြီး မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများအတွက် ဤတတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဖြင့် “အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့” ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခိုင်မာစွာ ယုံကြည်ထားပါသည်။ ယုံကြည်ထားသည့်အတိုင်း မဟာဗျူဟာလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် တရားစီရင်ရေးကဏ္ဍနှင့် အကျိုးသက်ဆိုင်သူများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန်** | ၁.၁.၁ နိုင်ငံတစ်ဝှမ်းတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း | ➢ မြို့နယ်အဆင့် ဥပဒေအထောက်အကူပြုအဖွဲ့များ တည်ထောင်ရာတွင် အကူအညီပေးခြင်း<br>➢ ဥပဒေအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီခြင်း | ဦးစားပေး အဆင့်၁ | HCs + DCs + TCs<br>HCs + DCs + TCs | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေရန်** | ၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်း အချက်အလက်ကောင်တာများ နှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း | ➢ တရားရုံးအားလုံးတွင် သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများ တည်ထောင်ရန်စီစဉ်ထားရှိခြင်း | ဦးစားပေး အဆင့်၁ | BLDP + HCs | တည်ထောင်ပြီး အရေအတွက် + တရားရုံးအသုံးပြု သူများ၏ စိတ်ကျေနပ်မှု |
| | ၁.၂.၂ အများပြည်သူအတွက် နည်းပညာသုံး မှုခင်းသတင်း အချက်အလက်စနစ် ဆောင်ရွက်ခြင်း | ➢ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှုခင်းသတင်း အချက်အလက်များကို ကိုယ်တိုင်ရှာဖွေနိုင်သော Touch Screen Display များတပ်ဆင်ခြင်း<br>➢ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် နေ့စဉ် အမှုခေါ်စာရင်း နှင့် စီရင်ချက်ချမှတ်မည့် အမှုစာရင်းများ ပြသမည့် LED TV စနစ်သို့ အဆင့်မြှင့်တင်ရန် နည်းလမ်းရှာဖွေခြင်း | ဦးစားပေး အဆင့်၁ | BLDP + IT&PRDP<br>BLDP + IT&PRDP | အချိန်မီပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁. ၃**<br><br>**တရားရုံးသို့ လာရောက်သူများအား ယဉ်ကျေးလိုက်လျော လေးစားစွာ ဆက်ဆံရန်** | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း | ➢ တိုင်းဒေသကြီး/ပြည်နယ်များအတွက် တရားရုံးဝန်ဆောင်မှုသင်တန်း ဆရာများအား ဆရာဖြစ်လေ့ကျင့်သင်ကြားပေးခြင်း<br>➢ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများအတွက် ဆင့်ပွားသင်တန်းများပေးခြင်း | ဦးစားပေးအဆင့်၁ | CMC + HCs + PRLM<br><br>CMC + HCs + PRLM | သင်တန်းပေးပြီးအရေအတွက် + သင်တန်းတက်ရောက်သူများ၏သုံးသပ်ချက် + တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု |

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၁.၄<br>တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုတိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦ အသစ်များ ဆောက်လုပ်ရန်နှင့်လက်ရှိ အဆောက်အဦများအား ပြုပြင်မွမ်းမံရန် | ၁.၄.၁ တရားရုံးဝန်ဆောင်မှုများလက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် အခြေခံစံထားရှိသင့်သည့်ပုံစံ သတ်မှတ်ခြင်း | ➢ မြေနေရာရရှိမှုအပေါ်အခြခံ၍ တရားရုံးအဆင့်ဆင့်ကို အခြေခံသတ်မှတ်ပုံစံများနှင့်အညီ တည်ဆောက်ခြင်း | ဦးစားပေးအဆင့်၁ | BLDP | အချိန်မီပြီးစီးမှု |
| | ၁.၄.၂ တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့်စိတ်ချရမှုတို့ကိုရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း | ➢ ၂၀၁၉ လုပ်ငန်းအစီအစဉ်အရ တည်ထောင်ထားသော CMP တရားရုံး (၇၄) ရုံးတွင် ကွန်ပျူတာမော်နီတာများတပ်ဆင်ခြင်း၊ Printer Ink Cartridges ထောက်ပံ့ခြင်း<br>➢ တရားရုံးအဆောက်အဦသစ်များတွင် တရားရုံးအင်္ဂါရပ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ လိုအပ်သော အထောက်အပံ့များ ပံ့ပိုးခြင်း<br>➢ ၂၀၂၀ ခုနှစ် မှုခင်းစီမံခန့်ခွဲမှုဖြန့်ကျက်အစီအစဉ်အရ တိုးချဲ့သည့် တရားရုံးများတွင် အိုင်တီပစ္စည်းများ ကူညီထောက်ပံ့ခြင်း<br>➢ နိုင်ငံတစ်ဝန်းတွင် ကလေးသူငယ်အထူးစစ်ဆေးခန်းများနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့် အခြေခံလိုအပ်ချက်များ လုံလောက်စွာ တိုးချဲ့နိုင်ရန် ဖြစ်နိုင်သည့် အလားအလာများ ရှာဖွေဖော်ထုတ်ခြင်း | ဦးစားပေးအဆင့်၁ | BLDP + HCs<br><br>BLDP<br><br>CMC +IT&PRDP + PRLM<br><br>OUJS + UNICEF-WG + UNICEF | ဆောင်ရွက်ပြီးအရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊ အများပြည်သူ တို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန် | ၂.၁.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု သင်တန်း ပေးခြင်း | ♦ တရားရေးအရာရှိများလုပ်ငန်းဝင်သင်တန်းတွင် မီဒီယာနှင့် ဆက်ဆံရေးဆိုင်ရာ သင်တန်းပေးခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP + TDP | သင်တန်းပေးပြီး အရေအတွက်+ စမ်းသပ်စစ်ဆေးမှုများ |
| | ၂.၁.၂ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက် စေခြင်း | ♦ အများပြည်သူစိတ်ဝင်စားသည့်မှုခင်းများနှင့် ထူးခြားမှုခင်း များတွင် တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာ များမှတဆင့် အများပြည်သူသိရှိအောင်ဆောင်ရွက်ခြင်း<br>♦ အများပြည်သူစိတ်ဝင်စားသည့်အမှုများကို စီမံခန့်ခွဲရေး အတွက် လမ်းညွှန်ချက်ရေးဆွဲနိုင်ရန် နည်းပညာ အထောက်အပံ့ပေးခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP + HCs + All Courts<br><br>IT&PRDP + PRLM | ပြည်သူများ၏ စိတ်ကျေနပ်မှု+ ထိတွေ့ဆက်ဆံမှု အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊ အများပြည်သူ တို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန်** | ၂.၁.၃ အများပြည်သူ ဆိုင်ရာ သတင်းအချက် အလက်အစီအစဉ်တိုးချဲ့ ဆောင်ရွက်ခြင်း | ♦ USC ၏ Website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ မှုခင်းဆောင်ရွက်မှုအခြေအနေများဖော်ပြခြင်း<br>♦ USC Website တွင်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက်များ ဖော်ပြခြင်း<br>♦ တရားရေးဂျာနယ်ပုံမှန်ထုတ်ဝေခြင်း<br>♦ တရားလွှတ်တော်များအလိုက် တရားရုံးနှစ်စဉ်အစီရင်ခံစာများ ထုတ်ဝေခြင်း<br>♦ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာတွင် ဒီဇိုင်းပုံစံများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း<br>♦ USC ၏ Website အား Web Portal အသွင်ကူးပြောင်းနိုင်ရေးအတွက် Upgrade ပြုလုပ်ခြင်း<br>♦ တရားလွှတ်တော်များ၏ Website များကို ၂၀၁၉ ခုနှစ်တွင် အပြီးရေးဆွဲပြီး ၂၀၂၀ ခုနှစ်တွင် Online  လွှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း<br>♦ တရားရုံးလုပ်ငန်းစဉ်များ၌ ဥပဒေငြိစွန်းသောကလေးသူငယ်များ၏ အခွင့်အရေး များဆိုင်ရာ သတင်းအချက်အလက်လက်ကမ်းစာစောင်များပြုစုခြင်းနှင့် ဖြန့်ဝေ ပေးခြင်း (ဥပဒေအရ အရေးယူခံရသော ကလေးသူငယ်များနှင့် ထိခိုက်နစ်နာသူ ကလေးသူငယ်များ၊ သက်သေများ အပါအဝင်)<br>♦ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက အများပြည်သူသို့ အသိပညာပေးရေး အတွက် ဓာတ်လမ်းတိုများရိုက်ကူးထုတ်လွှင့်ခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP+Ygn-HC + DCs + TCs<br>OUJS + OUCJ + CJDP + WG-V + DP<br>LPDP + HCs<br>HCs<br>IT&PRDP<br>IT&PRDP<br>IT&PRDP<br>CrJDP + IT&PRDP + UNICEF-WG + UNICEF<br>ILWG | တိုးတက်မှု အဆင့်နှင့် အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
| --- | --- | --- | --- | --- | --- |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂**<br>**တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြု အစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန်** | ၂.၂.၁ အများပြည်သူ အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ခြင်း | ♦ တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိခြင်း<br>♦ အများပြည်သူအထောက်အကူပြုလမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီခြင်း<br>♦ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် သင်တန်းဆရာများနှင့် ညှိနှိုင်းရေးမှူးများအား သင့်လျော်သည့် အသုံးချလမ်းညွှန်ချက်များအတွက် သင်တန်းပေးခြင်း<br>♦ အများပြည်သူ အထောက်အကူပြုမှုဆိုင်ရာပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာအကူအညီနှင့် ဘဏ္ဍာရေးအထောက်အပံ့ပေးခြင်း | ဦးစားပေး အဆင့်၁ | HCs + All Courts<br><br>IT&PRDP + PRLM<br><br>CMC + IT&PRDP + PRLM<br><br>IT&PRDP + BLDP + PRLM | အများပြည်သူ စိတ်ကျေနပ်မှု +<br>အစီအစဉ်<br>အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၂ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြု အစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန်** | ၂.၂.၂ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်အပေါ် အများပြည်သူ အသိအမြင်တိုးမြှင့်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | ♦ မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို အများပြည်သူသိရှိအောင် ဆက်လက်ဆောင်ရွက်ခြင်း<br>♦ မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို ပြည်သူသို့ အသိပညာပေးခြင်း | ဦးစားပေး အဆင့်၁ | ECWG + All Courts<br><br>ECWG + DP | လုပ်ဆောင်မှု အကြိမ် အရေအတွက် |
| | ၂.၂.၃ တရားရုံး သတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း | ♦ တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖြန့်ဝေပေးခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP + HCs | ဖြန့်ဝေမှု အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ် အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်** | ၃.၁.၁ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏ လက်ရှိ အနေအထားကို ဆန်းစစ် အကဲဖြတ်ခြင်း | ▪ တရားစီရင်ရေး ပိုမိုခိုင်မာစေရန် အကြံပြုချက်များရရှိရေးအတွက် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ် အကဲဖြတ်မှုများ ဆက်လက်ဆောင်ရွက်ခြင်း<br>▪ တရားစီရင်ရေးလွတ်လပ်မှုနှင့် တာဝန်ခံမှုတို့နှင့်ပတ်သက်ပြီး ကောက်ယူရရှိသည့် အချက်အလက်များကို အခြေခံ၍ စာတမ်း ပြုစုခြင်း | ဦးစားပေး အဆင့်၁ | IR&RDP<br><br>IR&RDP | အချိန်မီ ပြီးစီးမှု |
| | ၃.၁.၂ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ် စေရန် အခြားသောမဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း များနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ▪ ဥပဒေအရ အတည်ပြုဆောင်ရွက်ရသည့် အခြားအဖွဲ့အစည်းများ ကို ဖိတ်ခေါ်၍ အချက်အလက် ရှာဖွေမှုဆိုင်ရာ ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း<br>▪ ကလေးသူငယ်များအတွက် တရားမျှတရေးနှင့် ဆက်နွယ်သော အမျိုးသားဆိုင်ရာ ဦးစားပေး သတ်မှတ်ချက်များ ဖော်ထုတ်နိုင်ရန် ကလေးသူငယ်တရားမျှတမှုမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အပံ့ပေးခြင်း<br>▪ ကလေးသူငယ်တရားမျှတမှုရရှိရေးကဏ္ဍတွင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပူးပေါင်းပါဝင်မှု အားကောင်းလာစေခြင်း၊ အရည်အသွေးပြည့်တရားမျှတမှုကို ကလေးသူငယ်များလက်လှမ်း မီမှု တိုးတက်စေရေးအတွက် ကလေးသူငယ်တရားမျှတမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တွေ့ဆုံပွဲများကို ပုံမှန်လုပ်ဆောင်ခြင်း | ဦးစားပေး အဆင့်၁ | WG II + JICA<br><br>OUJS +<br>UNICEF-WG +<br>UNICEF<br><br>OUJS + HCs +<br>UNICEF | တွေ့ဆုံမှု အရေအတွက်<br>+<br>အကျိုးသက်ဆိုင်သူ များ၏သဘောထား အမြင်<br>+<br>အလုပ်ရုံဆွေးနွေးပွဲ ရလဒ် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်** | ၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ▪ ဒေသတွင်း တရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ဦးစားပေးအဆင့်၁ | USC + IR&RDP | တွေ့ဆုံဆွေးနွေးမှုများ၏ ရလဒ် |
| | ၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များ ပေးခြင်း | ▪ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ လုပ်ထုံးလုပ်နည်းများ အချောသတ်ရေးဆွဲခြင်း<br>▪ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှုခင်းများစစ်ဆေးစီရင်ခြင်း ဆိုင်ရာ လက်စွဲစာအုပ် (QA) ရေးဆွဲခြင်း<br>▪ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ လုပ်ထုံးလုပ်နည်းများ (မူကြမ်း) ရေးဆွဲခြင်း<br>▪ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအတွက် နည်းဥပဒေများ ရေးဆွဲခြင်း<br>▪ Small Claim Procedures မူကြမ်းရေးဆွဲခြင်း<br>▪ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေကို အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း<br>▪ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေအတွက် Case Study Book နှင့် လက်စွဲပြုစုခြင်း<br>▪ ဒီဂျစ်တယ်သက်သေခံ၊ အမှုစွဲဆိုခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ညွှန်ကြားလွှာကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက်များ ဖွံ့ဖြိုးတိုးတက်စေခြင်း | ဦးစားပေးအဆင့်၁ | WG III + JICA<br>WG III + JICA<br>WG III + JICA<br>WG-I + ILDC + ADB<br>WG-I + WG-V + JICA<br>LPDP + ArbiWG + IPs<br>Arbi-WG + DP<br>WG-I + JICA | နည်းဥပဒေ၊ ညွှန်ကြားချက်များထုတ်ပြန်နိုင်မှုနှင့်အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၂** <br> **တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန်** | ၃.၂.၁ ဘတ်ဂျက်ဦးစားပေး အစီအစဉ်များသတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | ▪ မဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် နှစ်စဉ် ဘတ်ဂျက်ရေးဆွဲပြင်ဆင်ခြင်း <br> ▪ မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဘတ်ဂျက်ကို ဦးစားပေး အစီအစဉ်အတိုင်း ခွဲဝေပေးခြင်း <br> ▪ ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် အသေးစိတ်ရေးဆွဲခြင်းများတွင် နည်းပညာအကူအညီများပေးခြင်း | ဦးစားပေး အဆင့်၁ | SPIC + BLDP <br> SPIC + BLDP <br> BLDP + PRLM | မဟာဗျူဟာ စီမံကိန်းနှင့် ဘတ်ဂျက်ဦးစားပေးအစီအစဉ်တို့ တိုက်ရိုက် ချိတ်ဆက်နိုင်မှု |
| | ၃.၂.၂ တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲရန် တရားရုံး အရာထမ်း၊ အမှုထမ်းများ၏ စွမ်းရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း | ▪ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များက ဦးဆောင်၍ ငွေစာရင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း <br> ▪ USC နှင့် HCs များတွင် Budget Database Guidelines ဆိုင်ရာ သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်၁ | HCs + BLDP <br> BLDP + PRLM | ဘတ်ဂျက်ရေးဆွဲခြင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်း အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၃.၃<br>တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးရန် | ၃.၃.၁ တရားစီရင်ရေး တစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ▪ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Network Infrastructure များ Smart & Secure ဖြစ်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း<br>▪ Deep Security Enterprise System (Centeralized Antivirus Security System) တပ်ဆင်ဆောင်ရွက်ခြင်း (End Point Security ၁၅၀ Nos အပါအဝင်)<br>▪ IT Master Plan ကို အကောင်အထည်ဖော်နိုင်ရန်ဘတ်ဂျက်တွင် ထည့်သွင်းလျာထားတောင်းခံခြင်း<br>▪ ရှေ့နေရှေ့ရပ်များမှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းစနစ်ကို ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း | ဦးစားပေး အဆင့်၁ | BLDP + IT&PRDP<br>BLDP + IT&PRDP<br>BLDP + IT&PRDP<br>LIDP + MJ | အချိန်မီပြီးစီးမှု |
| | ၃.၃.၂ နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း | ▪ စာချုန်တော်ဌာနသို့ တင်သွင်းလာသည့် အမှုများ၏ သတင်းအချက်အလက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင်လွှင့်တင်ခြင်း<br>▪ CMS နှင့် CIS စနစ်တို့ကိုအဆင့်မြှင့်တင်ရန် ဆက်လက်ဆောင်ရွက်ခြင်း<br>▪ ACMS ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ အခြားနည်းပညာသုံးစနစ်များနှင့် ပေါင်းစည်းချိတ်ဆက်သည့် အစီအစဉ် အကောင်အထည်ဖော်ရန် နည်းပညာအကူအညီများပေးခြင်း | ဦးစားပေး အဆင့်၁ | WDP + IT&PRDP<br>IT&PRDP + UNDP<br>IT&PRDP + PRLM | အချိန်မီ ပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက် ထိရောက် အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးရန် | ၃.၃.၃ တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက် စီမံခန့်ခွဲမှုနှင့် နည်းပညာစွမ်းရည်ဆိုင်ရာသင်တန်းများ ဆက်လက်ပေးခြင်း | ▪ ACMS Manager နှင့် Help-desk တာဝန်ရှိသူများအား ACMS Software နှင့် ပတ်သက်သည့် သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP + PRLM | သင်တန်းပို့ချပြီး အရေအတွက် |
| | ၃.၃.၄ လူ့စွမ်းအားအရင်း အမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များ မြှင့်တင်ခြင်း | ▪ ဝန်ထမ်းရေးရာလမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအထောက်အပံ့ပေးခြင်း | ဦးစားပေး အဆင့်၁ | ADP + PRLM | ခန့်ထားပြီးစီးမှု အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁**<br>**တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်** | ၄.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုး ကူညီခြင်း | ❖ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>❖ ၂၀၁၉ ခုနှစ်အတွင်း မပြုလုပ်ရသေးသော ဒေသများတွင် တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်နှင့် တာဝန်ခံမှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများ ဒေသအလိုက် ကျင်းပပေးခြင်း၊ သင်ကြားမှုအစီအစဉ်ရေးဆွဲခြင်း<br>❖ မြန်မာနိုင်ငံတရားစီရင်ရေးကျင့်ဝတ်အပေါ် ရှင်းလင်းချက်များ အပြီးသတ်ရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့အတွက် နည်းပညာ အထောက်အပံ့ပေးခြင်း<br>❖ တာဝန်ခံမှုဆိုင်ရာယန္တရားဖွံ့ဖြိုးတိုးတက်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း<br>❖ တရားစီရင်ရေးဆိုင်ရာတာဝန်ခံမှုယန္တရားနှင့် ပတ်သက်၍ အကောင်းဆုံး နိုင်ငံတကာ ကျင့်သုံးမှု ဓလေ့များအပေါ် အဆင့်မြင့်အရာရှိများ ပါဝင်သည့် အသိပညာနှီးနှောဖလှယ်ပွဲ ကျင်းပခြင်း<br>❖ မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်နှင့် ပတ်သက်၍ ဆရာဖြစ်သင်တန်းပေးခြင်း<br>❖ ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ရှေ့ပြေးအစီအစဉ်အပေါ် အခြေခံ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးဆောင်သည့် တရားစီရင်ရေး ကျင့်ဝတ် လေ့ကျင့်သင်ကြားရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကျက်ဆောင်ရွက်ရာတွင် ကူညီခြင်း | ဦးစားပေး အဆင့်၁ | ADP + JEIC + DP<br>ADP + JEIC + DP<br>ADP + JEIC + DP<br>ADP + JEIC + DP<br>IR&RDP + DP<br>ADP + JEIC + DP<br>ADP + JEIC + DP | အချိန်မီပြီးစီးမှု+ စာတမ်းများ ပြုစုနိုင်မှု+ သင်တန်းအရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁ တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်း နှင့် ပညာရပ်ဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်** | ၄.၁.၂ တရားသူကြီးများ နှင့် တရားရုံးဝန်ထမ်း များ၏ ပညာရပ်ပိုင်း ဆိုင်ရာ တိုးတက်မှု အတွက် ပံ့ပိုးကူညီခြင်း | ❖ တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု အတွက် အမေရိကန်သို့ လေ့လာရေးခရီးများ စုစည်း သွားရောက်ခြင်း<br>❖ တရားစီရင်ရေးသင်တန်းကျောင်း ရေရှည်စီမံကိန်း ဖွံ့ဖြိုး တိုးတက်စေရန် အထောက်အပံ့ပေးခြင်း<br>❖ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များ ပေါ်ပေါက်စေရန် နည်းပညာအထောက်အပံ့များ ပေးခြင်း<br>❖ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစံနှုန်းများ နှင့် လမ်းညွှန်ချက်များ ရေးဆွဲနိုင်ရန် ကူညီထောက်ပံ့ခြင်း<br>❖ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ပညာရပ်ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့်သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်၁ | IR&RDP+ TDP+ PRLM<br>TDP+ PRLM<br>TDP+ PRLM<br>TDP+ PRLM<br>TDP+ PRLM | အချိန်မီပြီးစီးမှု |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြှင့်မားစေရေး ဆက်လက် ဆောင်ရွက်ရန်** | ၄.၂.၁ တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း | ❖ Ruling Content Management System ခေါ် Ruling Database စနစ်တစ်ခု တည်ဆောက်ခြင်း<br>❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အီလက်ထရောနစ်စာကြည့်တိုက် လုပ်ငန်းစီမံချက်နှင့် စနစ်တည်ဆောက်ခြင်း<br>❖ သုတေသနအဖွဲ့၏ လုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန် နည်းပညာအကူအညီပေးခြင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ကူညီခြင်းနှင့် သုတေသနအရင်းအမြစ်များ ထောက်ပံ့ပေးခြင်း<br>❖ သုတေသနပြုခြင်းဆိုင်ရာ နည်းလမ်းနှင့် နည်းပညာများအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း<br>❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သုတေသနအသင်း၏ တရားစီရင်ရေးလွတ်လပ်မှုနှင့် တာဝန်ခံမှုဆိုင်ရာစာတမ်းကို ထုတ်ဝေနိုင်ရန် ကူညီခြင်း<br>❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သုတေသနအသင်း၏ တရားစီရင်ရေးလွတ်လပ်မှု နှင့် တာဝန်ခံမှုဆိုင်ရာစာတမ်းကို အပြီးသတ်ရေးသား၍ စတင်ဖြန့်ဝေနိုင်ရန် ကူညီခြင်း | ဦးစားပေး အဆင့်၁ | IT&PRDP<br>IR&RDP + IT&PRDP + IPs<br>IR&RDP + DP<br>IR&RDP + DP<br>IR&RDP + DP<br>IR&RDP + DP | သုတေသန ဆောင်ရွက်မှု + စာကြည့်တိုက် များ၏ဖွံ့ဖြိုး တိုးတက်မှု |
| | ၄.၂.၂ တရားစီရင်ရေး ဆောင်ရွက်မှုနှင့် တာဝန်ခံယူနိုင်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူဖြစ်စေရန် အချက်အလက် ကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း | ❖ ကလေးသူငယ်များအတွက် တရားမျှတမှုညွှန်းကိန်းများ စာရင်းပြုစုခြင်းနှင့် ကလေးသူငယ်တရားမျှတမှု အချက်အလက်များ ကောက်ယူမှု ဖွံ့ဖြိုးတိုးတက်စေခြင်း | ဦးစားပေး အဆင့်၁ | OUJS + CrJDP + IT&PRDP + UNICEF-WG + UNICEF | အစီရင်ခံစာ အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူ များ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂**<br>**တရားရုံး အရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများပေးခြင်း | ❖ တရားသူကြီးများအတွက် မွမ်းမံသင်တန်းများနှင့်လုပ်ငန်းဝင် သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်၁ | TDP + CrJDP + CJDP + HCs | သင်တန်း အရေအတွက်<br>+<br>သင်တန်း တက်ရောက်သူများ၏အကဲဖြတ် သုံးသပ်ချက်<br>+<br>အချိန်မီပြီးစီးမှု |
| | | ❖ နေပြည်တော်ပြင်ပဒေသများတွင်ဖြစ်ရပ်မှန်ရှာဖွေခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | | TDP + JICA | |
| | | ❖ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | | Arbi WG + DP | |
| | | ❖ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ တရားသူကြီးများအား သင်တန်းများပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | | ILWG + ADB | |
| | | ❖ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း | | WG-V + ADB | |
| | | ❖ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပုံမှန်သင်တန်းများတွင် ထည့်သွင်းပို့ချခြင်း | | TDP+ WG-II + JICA | |
| | | ❖ "အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှ လေ့လာခြင်း" စာအုပ်ကို အသုံးပြုနိုင်ရန် တရားရေးအရာရှိများထဲမှ သင်တန်းဆရာဖြစ်ထိုက်သူများကို TOT သင်တန်းပေးခြင်းနှင့် သင်ခန်းစာစာအုပ်များပြုစုခြင်း | | WG-V + JICA | |
| | | ❖ ဥပဒေနယ်ပယ်အလိုက် လေ့လာရန် ဂျပန်နိုင်ငံသို့လေ့လာရေးခရီးများ စုစည်းသွားရောက်ခြင်း | | JICA | |
| | | ❖ တရားသူကြီးများအား သင်တန်းများပေးရာတွင် ကလေးသူငယ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များထည့်သွင်းနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းနှင့် ၂၀၂၀ ခုနှစ်တွင် တည်ထောင်မည့် ကလေးသူငယ်အကျိုးပြုစစ်ဆေးခန်းများကို ထိရောက်စွာ အသုံးပြုနိုင်ရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား သက်ဆိုင်သည့် သင်တန်းများပေးခြင်း | | CrJDP + UNICEF-WG + UNICEF | |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂**<br>**တရားရုံး အရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၄. တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပြည့်ဝစေရန်နှင့် အများပြည်သူ ကျေနပ်မှုမြင့်မားစေရန် သင်တန်းများ ဆက်လက်ပေးခြင်း | ❖ တရားရုံးဝန်ထမ်းများအတွက် တည်ဆဲလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရေးအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်မှုများပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP + PRLM | အချိန်မီပြီးစီးမှု<br>+<br>သင်တန်း အရေအတွက် |
| | ၄.၂.၅ တရားစီရင်ရေး ဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်း | ❖ ဖွံ့ဖြိုးတိုးတက်လာသည့်ပညာရပ်ဆိုင်ရာနယ်ပယ်များ (CMP, Customer Service, IP, Mediation, Fact-finding, etc.) တို့ကို တရားရေး သင်တန်းကျောင်း၊ ဒုတိယမြို့နယ် တရားသူကြီးများလုပ်ငန်းဝင်သင်တန်း၊ မြို့နယ်နှင့်ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းတို့၏ သင်ရိုးညွှန်းတမ်းတွင် ပေါင်းစည်းထည့်သွင်းခြင်း<br>❖ တရားရေးသင်တန်းကျောင်း၏သင်ရိုးညွှန်းတမ်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း<br>❖ တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်း<br>❖ အချက်အလက်ရှာဖွေခြင်းဆိုင်ရာလက်တွေ့ဆောင်ရွက်မှုကဲ့သို့သော လုပ်ငန်းဝင်သင်တန်းအတွက် လေ့ကျင့်မှုနည်းလမ်းသစ်များကို မိတ်ဆက်ခြင်း<br>❖ သင်ရိုးညွှန်းတမ်း၌ ကလေးသူငယ်အခွင့်အရေး ဥပဒေသစ်ပါပြဋ္ဌာန်းချက်များ ပါဝင်စေရန် တရားသူကြီးများအတွက် ကျင့်သုံးဆဲလေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ခြင်း | ဦးစားပေး အဆင့်၂ | TDP + WGs + PRLM + JICA + IPs<br>TDP + PRLM + IPs<br>TDP<br>WG-II + JICA<br>CrJDP + TDP + UNICEF-WG + UNICEF | သင်တန်း အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၄.၃ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ၏ ဘေးကင်း လုံခြုံရေး ဆောင်ရွက်ပေးရန် | ၄.၃.၁ တရားရုံးဘေးကင်း လုံခြုံမှုနှင့် စပ်လျဉ်း၍ လက်ရှိအနေအထားအပေါ် လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း | ❖ တရားရုံးများ၏ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ အကဲဖြတ်မှုကို ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်၁ | IR&RDP + ADP | အချိန်မီပြီးစီးမှု |
| | ၄.၃.၂. တရားရုံးများ၏ ဘေးကင်း လုံခြုံမှု တိုးတက် စေခြင်း | ❖ တရားရုံးများဘေးကင်းလုံခြုံမှုအတွက် နိုင်ငံတကာ ယှဉ်ပြုစုထားသော စာတမ်းများကို ဖြန့်ဝေခြင်း | ဦးစားပေး အဆင့်၁ | ADP + PRLM | အဆင့်အလိုက် ဆောင်ရွက်နိုင်မှု၊ ဆွေးနွေးပွဲများကျင်းပနိုင်မှု နှင့် စာတမ်းများ ပြုစု ဖြန့်ဝေနိုင်မှု |
| | ၄.၃.၃. လုံလောက်သည့် ဝန်ထမ်းအိမ်ရာများ ပံ့ပိုး ပေးခြင်း | ❖ တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် ခွင့်ပြုဘတ်ဂျက်နှင့်အညီ အိမ်ယာသစ်များဆောက်လုပ်ခြင်း<br>❖ ရန်ကုန်တိုင်းဒေသကြီးတွင် အင်းစိန်ဘိုကုန်းအိမ်ရာ တည်ဆောက်ခြင်း | ဦးစားပေး အဆင့်၁ | BLDP + HCs<br><br>BLDP | ဆောက်လုပ်ပြီး အရေအတွက် |
| မဟာဗျူဟာရည်မှန်းချက် ၄.၄ တရားရေးသင်တန်းကျောင်း အသစ် တည်ထောင်ရန် | ၄.၄.၁ တရားရေး သင်တန်း ကျောင်း ပုံစံထုတ်ခြင်း၊ ဘဏ္ဍာရေးရှာဖွေခြင်း၊ တည်ဆောက်ခြင်းအတွက် ရေရှည်စီမံကိန်းတစ်ရပ် ရေးဆွဲခြင်း | ❖ Judicial College တည်ဆောက်ရေးအတွက် စတင်ဆောင်ရွက်ခြင်း<br>❖ တရားရေးသင်တန်းကျောင်းအတွက် မဟာဗျူဟာအစီအစဉ်ချမှတ်ရာ တွင် ပါဝင်ကူညီခြင်း | ဦးစားပေး အဆင့်၂ | BLDP<br>TDP + BLDP + PRLM | တရားရေး သင်တန်းကျောင်း အကောင်အထည်ဖော် နိုင်မှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန်** | ၅.၁.၁ နိုင်ငံတစ်ဝန်း တရားရုံးများတွင် ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်ခြင်း | • တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ငယ်များ (NCMP Units) ဖွဲ့စည်းခြင်း<br>• တိုင်းဒေသကြီး/ပြည်နယ်အလိုက်သတ်မှတ်ထားသောတရားရုံးများတွင် CMP ကို အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း<br>• NCMP အတွက် အချက်အလက်ကောက်ယူသည့်နည်းစနစ်ကို ပြန်လည်သုံးသပ်၍ တိုးတက်အောင် ဆောင်ရွက်ခြင်းအပါအဝင် CMP တရားရုံးများ (ခရိုင်တရားရုံး ၂၅ ရုံး၊ မြို့နယ်တရားရုံး ၁၀၉ ရုံး) အောင်မြင်စေရန် ဆက်လက်၍ ပံ့ပိုးမှုများပေးခြင်း<br>• NCMP တရားရုံးများက မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်၍ လိုက်နာစေရေး စောင့်ကြည့်အကဲဖြတ်ပြုပြင်ပေးခြင်း<br>• CMP ၏လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ACMS စနစ်တိုးချဲ့ရေး အကောင်အထည်ဖော်မှုအစီအစဉ်အတွက် နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီများပေးခြင်း<br>• CMP အရသတ်မှတ်ထားသည့် တရားရုံးတည်ရှိရာဒေသများတွင် အများပြည်သူနှင့် အဓိကအကျိုးသက်ဆိုင်သူများကို မှုခင်းစီမံခန့်ခွဲမှုသဘောတရားများ အသိပညာပေးခြင်း<br>• မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားရုံးများသို့ နည်းပညာအထောက်အကူပြုစက်ပစ္စည်းများ ပံ့ပိုးပေးခြင်း<br>• အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ဦးစားပေးအဆင့်၁ | USC + HCs<br><br>SPIC + CMC + LPDP + TDP<br><br>CMC + IT&PRDP + PRLM<br><br>CMC + HCs + DCs + PRLM<br><br>CMC + IT&PRDP + PRLM<br><br>CMC + HCs + DCs + TCs + PRLM<br><br>CMC + PRLM<br><br>CMC + PRLM | နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်ပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) တစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရန်** | ၅.၁.၂ CMP နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားသည့် အစီအစဉ် ဆောင်ရွက်ခြင်း | • လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော CMP တရားရုံးများမှ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများနှင့် မွမ်းမံသင်တန်းများ ဆက်လက်ပေးခြင်း<br>• ၂၀၂၀ ခုနှစ်တွင် CMP အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်မည့် ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး **(၁၀၉)** ရုံးတို့အတွက် တရားရုံးစစ်တမ်းကောက်ယူခြင်းသင်တန်း၊ Case Tracking Database သင်တန်း၊ CMP ဆင့်ပွားသင်တန်းများပေးခြင်း<br>• မှုခင်းစီမံခန့်ခွဲမှုအတွက် သင်တန်းဆရာအသစ်များနှင့် ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများကို ရွေးချယ်လေ့ကျင့်ပေးခြင်း | ဦးစားပေး အဆင့်၁ | CMC + HCs + PRLM<br><br>CMC + HCs + PRLM<br><br>CMC + HCs + PRLM | နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင် အထည်ဖော် ပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၂ တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များ အတွက် နယ်ပယ်များ သတ်မှတ်ခြင်း** | ၅.၂.၁ တရားရုံးက ဆောင်ရွက်မည့် အထူး မှုခင်းကိစ္စရပ်အတွက် နယ်ပယ်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများအရ စွဲဆိုသည့် မှုခင်းများကို အထူးမှုခင်းများအဖြစ် စစ်ဆေးစီရင်ရန် ဆောင်ရွက်ခြင်း<br>• ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများ၏ စံပုံစံများကို လေ့လာရေးအတွက် လေ့လာရေးခရီး စုစည်းသွားရောက်ခြင်း<br>• ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများထူထောင်ရာတွင် နည်းပညာအကူအညီပေးခြင်း<br>• ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများထူထောင်ခြင်း အတွက် အပြည်ပြည်ဆိုင်ရာ ကျင့်စဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများကျင်းပခြင်း | ဦးစားပေး အဆင့်၁ | OUJS + Ygn-HC + DCs + WG-III + JICA<br><br>OUSJ + WG-V + PRLM<br><br>OUJS + WG-V + PRLM<br><br>OUJS + WG-V + PRLM | နယ်ပယ်အလိုက် အကောင်အထည် ဖော်နိုင်မှု |

**မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၃ တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ်ဆောင်ရွက်ရန်** | ၅.၃.၁ တရားရုံးက ဦးဆောင်သည့် စေ့စပ် ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် စတင် ဆောင်ရွက်ခြင်း | • စေ့စပ်ဖြေရှင်းရေးအရာရှိများအား သင်တန်းပေးခြင်း | ဦးစားပေး အဆင့်၁ | WG-IV + JICA | အကောင်အထည် ဖော်နိုင်မှုအဆင့် |
| | | • စေ့စပ်ဖြေရှင်းရေးအရာရှိဆရာဖြစ် သင်တန်းပေးခြင်း | | WG-IV + JICA | |
| | | • စေ့စပ်ဖြေရှင်းရေးသင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း | | WG-IV + JICA | |
| | | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရေး အတွက် တရားသူကြီးများအား သင်တန်းပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | | WG-IV + JICA | |
| | | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြန်ဖြေရေး ရှေ့ပြေး တရားရုံးများ၏ ရလဒ်များကို သုံးသပ်၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြန်ဖြေရေးစနစ် တိုးချဲ့ဆောင်ရွက်ရန် မဟာဗျူဟာရေးဆွဲခြင်း | | WG-IV + JICA | |
| | | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြန်ဖြေမှုကို တိုးချဲ့ရန် အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ မူကြမ်းရေးဆွဲခြင်း ကဲ့သို့သော ဥပဒေမူဘောင်များချမှတ်ခြင်း | | WG-IV + JICA | |
| | | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြန်ဖြေရေးစနစ်ကို အများပြည်သူသိရှိစေရန် အသိပညာပေးခြင်း | | WG-IV + JICA | |

# အတိုကောက်အခေါ်အဝေါ်များ

| | |
|---|---|
| ACMS | နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် |
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| ADP | စီမံရေးရာဌာန |
| AJP | အာဆီယံတရားရေးအင်တာနက်အထူးစာမျက်နှာ |
| ASEAN Js | အရှေ့တောင်အာရှနိုင်ငံများ၏တရားရေးအဖွဲ့အစည်းများ |
| BLDP | ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန |
| CACJ | အာဆီယံတရားသူကြီးချုပ်များကောင်စီ |
| CART | တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့ |
| CDR | တရားရုံးကအငြင်းပွားမှုများကိုဖြေရှင်းပေးခြင်း |
| CIO | တရားရုံးသတင်းပြန်ကြားရေးအရာရှိ |
| CIS | မှုခင်းသတင်းအချက်အလက်စနစ် |
| CJDP | တရားမတရားစီရင်ရေးဌာန |
| CrJDP | ပြစ်မှုတရားစီရင်ရေးဌာန |
| CMC | မှုခင်းစီမံခန့်ခွဲမှုကော်မတီ |
| CMP | မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| CMS | မှုခင်းစီမံခန့်ခွဲမှုစနစ် |

| | |
|---|---|
| CRC | တိုင်ကြားစာစိစစ်ရေးကော်မတီ |
| CSOs | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| DCs | ခရိုင်တရားရုံးများ |
| DP | ဒိန်းမတ်-မြန်မာတရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအစီအစဉ် |
| DPWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အပေါ် ကူညီဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| ECWG | တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ |
| FCA | ဩစတြေးလျဖက်ဒရယ်တရားရုံး |
| HCs | တရားလွှတ်တော်များ |
| ICJ | အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ |
| IDEA | ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း |
| IDLO | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဥပဒေအဖွဲ့ |
| IJIs | အပြည်ပြည်ဆိုင်ရာတရားရေးအဖွဲ့အစည်းများ |
| ILDC | လူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ |
| ILWG | လူမွဲခံယူခြင်းဆိုင်ရာဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့ |
| IPs | အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ |

# အတိုကောက်အခေါ်အဝေါ်များ

| | |
|---|---|
| IR&RDP | အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန |
| IT | သတင်းအချက်အလက်နည်းပညာ |
| IT & PRDP | သတင်းအချက်အလက်နည်းပညာနှင့်ပြည်သူ့ဆက်ဆံရေးဌာန |
| JEIC | တရားစီရင်ရေးကျင့်ဝတ် လိုက်နာအကောင်အထည်ဖော်ရေးကော်မတီ |
| JERC | တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ပြန်လည်သုံးသပ်ရေးကော်မတီ |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| LAWG | ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| LIDP | ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန |
| LPDP | ဥပဒေလုပ်ထုံးလုပ်နည်းဌာန |
| MJ | My Justice အစီအစဉ် |
| Min Law | ဥပဒေရေးရာဝန်ကြီးဌာန ၊ စင်္ကာပူနိုင်ငံ |
| OUSC | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| OUJS | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး |
| PDWG | အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ |
| PIO | သတင်းပြန်ကြားရေးအရာရှိ |
| PRLM | အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ တရားဥပဒေ စိုးမိုးမှုမြှင့်တင်ရေး၊ မြန်မာ |
| SPIC | မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ |
| TCs | မြို့နယ်တရားရုံးများ |
| TDP | လေ့ကျင့်ဌာန |

| | |
|---|---|
| ULAB | ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNICEF | ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ |
| UNICEFWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယူနီဆက်ဖ်( မြန်မာ) တို့ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| UNODC | ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး |
| UNODCWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) တို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ |
| USAID | အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ |
| USC | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| WDP | စာချွန်တော်ဌာန |
| WGs | လုပ်ငန်းအဖွဲ့များ |
| WG I | ဥပဒေပြဌာန်းနိုင်ရေးအတွက်အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG II | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG III | အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG IV | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG V | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေများ လုပ်ငန်းအဖွဲ့ |



THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT Of THE UNION

အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့



www.unionsupremecourt.gov.mm

Layout & Design : IT & PR Department